上菜。

ထိုးကျ က၊ <hto: kya'> ①掉落，栽落，跌落：လေယာဉ်～သွားသည်။ 飞机栽落下来。/ ဈေး ～ သည်။ 价格猛跌。②投下(阴影、光线)，笼罩：အလင်းရောင်သည်မှန်တံခါးမှ ～ နေပေပြီ။ 光线从玻璃门照射进来。/ အမှောင်ရိပ်များအိမ်ကလေးပေါ်သို့ ～ နေသည်။ 阴影笼罩了小屋。

ထိုးကျင် က၊ <hto: kyin'> 刺痛：လေနာထ၍ ～ ပြီးနာသောဝေဒနာမှာလွန်စွာခံရခက်သည်။ 肚胀疼痛难忍。

ထိုးကြေး န၊ <hto: gyei:> 赌注

ထိုးကြိုး န၊ <hto: gyo:> 织的带子

ထိုးကြိတ် က၊ <hto: kyeit> 用拳打，殴打

ထိုးကွင်း န၊ <hto: gwin:> 缅甸男子在腰部腿上黥墨的花纹：～ ခါးလှည့် 环腰的黥纹 / ～ ဆရာ 纹身师 / သူခိုးပြေးမှ ～ ထသည်။ (成)盗贼跑了才显示身手。意：放马后炮 / ～ ထိုးသည်။ 纹身。/ ～ ဒူးကျ 从腿部刺到膝部的黥纹 / ～ မင်ကြောင် 黥纹 / ～ ခြေစိုက် 从腿部刺到踝部的黥纹

ထိုးခုတ် က၊ <hto: khout> 劈刺

ထိုးချ က၊ <hto: khya'> 俯冲，直插而下

ထိုးချိန် က၊ <hto: khyein> (用枪或棍棒)指着，对着，瞄着

ထိုးစိုက် က၊ <hto: sait> 插：သူ ～ ထားသောကောက်ပင်ကလေးများ 他插的稻秧

ထိုးစစ် န၊ <hto: zit> ①进攻战，攻击，攻势 ②到敌方穿插 ③(喻)主动

ထိုးစစ်ဆင် က၊ <hto: zit hsin> ①进攻，攻击 ②到敌方穿插 ③(喻)打进攻仗，主动先干

ထိုးစည် န၊ <hto: zi> = ဖားစည်

ထိုးဆေး န၊ <hto: zei:> 针剂，注射剂

ထိုးဆိုက် က၊ <hto: hsait> 到达，停住，到来，停下：ကားတစီး ～ လိုက်သည်။ 一辆汽车嘎然停住了。

ထိုးဆင်း က၊ <hto: hsin:> (飞机、鸟)俯冲：လေယာဉ်တစင်း ～ လာသည်။ 一架飞机俯冲下来。

ထိုးဆိတ် က၊ <hto: hseit> (用鸟嘴)啄，鹐：ကြက်ချင်း～နေကြသည်။ 鸡在互相啄斗着。/ ခွေးသေကောင်ကိုကျီးလင်းတတို့သည် ～ ၍စားကြကုန်၏။ 乌鸦兀鹰在鹐食死狗。

ထိုးဆွ က၊ <hto: hswa'> ①啄，鹐 ②(用枪尖、针尖等)戳刺 ③(喻)用言语讥刺：သူတပါး၏စိတ်နှလုံးကို ～ သည်။ 对别人用言语讥刺。

ထိုးဆွပ် က၊ <hto: hsut> (古)啄，鹐

ထိုးဇာတ် န၊ <hto: zat> ①插在两个剧中间演的短剧 ②虚构的事实

ထိုးတံ န၊ <hto: dan> ①琴弓 ②(枪炮等的)通条

ထိုးတံကြိုး န၊ <hto: dan gyo:> 琴的弓弦

ထိုးတက် က၊ <hto: tet> 直飞上去：မီးပုံးပျံသည်ကောင်းကင်သို့တရှိန်တည်း ～ သွား၏။ 孔明灯一股劲儿地飞向天空。

ထိုးထိုးထောင်ထောင် ကဝ၊ <hto: do: htaun daun> 支支棱棱，横七竖八，嶙峋：နံရိုးတွေလည်းအပြိုင်းပြိုင်းနှင့် ～ ခုံးကြနေသည်။ 露着肋骨显得瘦骨嶙峋。/ ပစ္စည်းများကိုလှေပေါ်တွင်အပြည့်အသိပ် ～ တင်ဆောင်သည်။ 把东西满满当当横七竖八地装在船上。/ မြက်ရိုင်းပင်များ ～ နှင့်။ 野草丛生。

ထိုးထိုးထုတ်ထုတ် မသ၊ <hto: do: htout htout> 咯吱咯吱：ထေကိုဝါးရာ ～ မြည်သည်။ 嚼海蜇时咯吱咯吱地响。

ထိုးထိုးထန့်ထန့် ကဝ၊ <hto: do: htan' dan'> 不安宁，手脚乱动：အနောက်တိုင်းအရှုးချေးပန်းအကအတုခိုးပြီး ～ ကပြကြသည်များကိုတားမြစ်ပစ်သင့်သည်။ 应该禁止演出模仿西方摇摆舞之类的舞蹈。

ထိုးထိုးထွန့်ထွန့် ကဝ၊ <hto: do: htun' dun'> = ထိုးထိုးထန့်ထန့်

ထိုးထိတ် က၊ <hto: hteit> (古)著名

ထိုးထွက် က၊ <hto: htwet> 凸出，支出，延伸：ဂရိကျွန်းဆွယ်သည်မြေထဲပင်လယ်ထဲသို့ ～ လျက်ရှိသည်။ 希腊半岛向地中海中延伸。

ထိုးထွင်း က၊ <hto: htwin:> 深入进去；有创造；透彻洞察：ဉာဏ်ပညာ ～ လျက်ဆင်ခြင်တုံတရားမခေါင်းပါးသောသူ 足智多谋有头脑的人 / ဘဝကိုစူးစိုက် ～ ကြည့်လိုဟန်ရှိတယ်။ 看来他想对生活进行深入的观察。

ထိုးထွင်းဉာဏ် န၊ <hto: dwin: nyan> 机智，洞察力，想像力：～ ရှိသည့်လူ 机智的人 / ထိုဝတ္ထုမှာစာရေးဆရာ၏ ～ သက်သက်ဖြင့်ရေးသားသောဝတ္ထုမဟုတ်။ 那本小说并不是单凭作家灵感写成的。

ထိုးနှံ က၊ <hto: hnan> 注射，注入(药物)：ကာကွယ်ဆေးများ ～ ပေးကြပါသည်။ 给(人们)打预防针。

ထိုးနှက် က၊ <hto: hnet> ①打击：～ ခုတ်ဖြတ်လျက်ရက်ရက်စက်စက်သတ်ပါလေရော။ 乱砍一通，残酷地把他杀掉了。②猛插，突然插入：ဤစကားသည်နားဌ်သံတံကျင်စူးဝင် ～ သကဲ့သို့နားကလော၏။ 这话犹如铁钉扎耳一般非常刺耳。③用言语文字攻击、指责

ထိုးပြ က၊ <hto: pya'> ①照亮 ②指明，指出

ထိုးဖောက် က၊ <hto: phaut> 戳破，扎破，冲破，突破：အုန်းသီး၏ထိပ်ဝကိုဓားဦးဖြင့် ～ ၍အုန်းရည်ကိုသောက်ကြသည်။ 用刀尖把椰壳上端戳个窟窿吸椰汁。/ ကော့စမစ်ရောင်ခြည်သည်ကမ္ဘာ၏လေထုကိုသာမကရေထုကိုလည်း ～ သွားနိုင်၏။ 宇宙线不仅能穿透大气层还可以穿透水层。/ ～ ဝင်ရောက်သည်။ 攻入，侵入。

ထိုးဘုံပိုင် န၊ <hto: bon bain> (抽水、油用的)唧筒

ထိုးမုန့် န၊ <hto: mon'> 糯米糕，年糕(用糯米粉、油、椰浆、白糖、核桃仁、椰片等制成)，以 မန္တလေး 产的最有名

ထိုးလိုးထောင်လောင် ကဝ၊ <hto: lo: htaun laun> = ထိုးထိုးထောင်ထောင်